# ပုံစံ ဈ-၂ (က)၊ အဆိုပြုထားသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ခြင်း နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံမှ အကြောင်းကြားစာ

*ပုဒ်မ ၄၂၂ (ခ)(၁)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

**မှတ်ချက်**

သတ်မှတ်ပုံစံတွင် လိုအပ်သောအချက်အလက်များကို
ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍
အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

ရုံးသုံးအတွက်သာ

## ကုမ္ပဏီအမည်

## မှတ်ပုံတင်အမှတ်

## ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၄၂၂ (က) (၁)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ မှတ်ပုံတင်အရာရှိသည် တစ်ဦး တစ်ယောက်၏ လျှောက်ထားချက်အရ မှတ်ပုံတင်စာရင်းတွင် အချက်အလက်တစ်ရပ်ရပ်ကို မှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် ချန်လှပ်ထားကြောင်းသိရှိလျှင် ဤဥပဒေအရ ၎င်းက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်း တစ်ခုကို ပြင်ဆင် နိုင်သည်။

ပုဒ်မ ၄၂၂ (ခ) ၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

"(ခ) ပုဒ်မခွဲ(က)(၁) အရ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတစ်ရပ်ကို ပြင်ဆင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည်-

(၁) လျှောက်ထားချက်ကို အဆိုပါကုမ္ပဏီနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်း ဖြစ်ကြောင်း (အဆိုပါလျှောက်ထားချက်၏ အသေးစိတ်အချက်အလက်များကို) ဖော်ပြ၍ ကုမ္ပဏီသို့ စာဖြင့် ရေးသားအကြောင်းကြားရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက် အား ပြုလုပ်ခြင်းဖြစ်လျှင် ၎င်းတို့နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်း ဖြစ်ကြောင်း (အဆိုပါလျှောက်ထားချက်၏ အချက်အလက်များကို) ဖော်ပြ၍ ပေါင်နှံခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

(၃) ၎င်းအပြင် အောက်ပါ အချက်အလက်များ ပါရှိသော အကြောင်းကြားစာကို အများပြည်သူသိရှိရန် ထုတ်ပြန်ရမည်-

(ကက) လျှောက်ထားသူ၏အမည်။

(ခခ) ကုမ္ပဏီ၏အမည်။

(ဂဂ) မှတ်ပုံတင်စာရင်းတွင် ပြုလုပ်ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များနှင့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များနှင့်

(ဃဃ) အဆိုပြုထားသည့် ပြင်ဆင်ချက်ကို စာဖြင့် ရေးသားကန့်ကွက်နိုင်ကြောင်း သတ်မှတ်သည့် နေ့ရက် တစ်ရက်ကို မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုနေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ ၂၈ ရက် ထက် နောက်မကျသည့် နေ့ရက် တစ်ရပ်ရပ် ဖြစ်စေရမည်။"

## ၂။ မှတ်ပုံတင်အရာရှိမှ အများပြည်သူသို့ အသိပေးခြင်း

ဤအကြောင်းကြားစာသည် မှတ်ပုံတင်အရာရှိမှ ထိန်းသိမ်းထားသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းကို ပြင်ဆင်ရန် လျှောက်ထားသည့်အခါ ပုဒ်မ ၄၂၂ (ခ) (၃)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) အရ မှတ်ပုံတင်အရာရှိ၏ အများပြည်သူသိရှိရန် အကြောင်းကြားစာ ဖြစ်သည်။ လျှောက်ထားသူ၏ အချက်အလက်များ၊အဆိုပြုထားသည့်ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်တွင်ဖော်ပြရန် ဖြစ်သည်။

အဆိုပြုထားသည့် ပြင်ဆင်ချက်အား စာဖြင့်ရေးသားကန့်ကွက်ချက် တစ်စုံတစ်ရာကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၂၈ ရက် အတွင်း ပေးပို့ရမည်။

## ၃။ အဆိုပြုထားသည့်  ပြင်ဆင်ချက် အချက်အလက်များ

အဆိုပြုထားသည့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များ နှင့် အချက်အလက်များ ဖော်ပြထားသည့် ရှင်းလင်းချက်များ။